**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၈ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## မြန်မာနိုင်ငံသားနှင့်ပေါင်းစည်းဆောင်ရွက်သောနိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရရှိသည့် အဆင့်မြင့်ကုန်ချောများအား ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းအရည်အသွေးမြင့် ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန် အတွက်လည်းကောင်း၊ နိုင်ငံခြားဈေးကွက် အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရရှိသည့် အောက်ပါအဆင့်မြင့်ကုန်ချောပစ္စည်းအုပ်စု (၂၂) မျိုးအား ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ပြည်ပသို့တင်ပို့ ခွင့်ပြုလိုက်သည် -

(က) အသား၊ ငါး ၊

( ခ ) ကောက်ပဲသီးနှံများ၊

( ဂ ) ပလတ်စတစ်အမျိုးမျိုး၊

(ဃ) ပျော့ဖတ်နှင့်စက္ကူအမျိုးမျိုး၊

( င ) ကြွေရည်သုတ်ပစ္စည်းများ၊ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓား၊ ခက်ရင်း အစရှိသည့် အိမ်သုံး ပစ္စည်းများ၊

( စ ) မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့၊ အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray )၊

(ဆ) ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ၊ ဖိသိပ်ထားသည့် ဓာတ်ငွေ့များ၊ လောင်စား တတ်သည့် ဓာတုပစ္စည်းမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ) ၊

( ဇ ) သီးနှံထွက်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်လုပ်ထားသော ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲအမျိုးမျိုး၊ ကြာဆံ၊ မြူစွမ် စသည့် စားသောက်ကုန်များ ၊

(ဈ) သကြားလုံး၊ ကိုကိုး၊ ချောကလက် အပါအဝင် မုန့်အချိုအမျိုးမျိုး ၊

(ည) နို့နှင့်နို့ထွက် ပစ္စည်းမှအပ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွပ်ခြင်း ပြုလုပ်ထားသော အခြား စားသောက်ကုန်ပစ္စည်းများ၊

(ဋ) မုယောဖောက်လုပ်ခြင်း၊ မုယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်သည့် ယမကာပစ္စည်းများ၊

(ဌ) ယမကာနှင့်ယမကာမဟုတ်သော အရက်၊ အရက်ပြန် စသည့်ပစ္စည်းများ၊

(ဍ) ရေသန့်နှင့် ရေခဲအမျိုးမျိုး၊

(ဎ) ဆပ်ပြာအမျိုးမျိုး ၊

(ဏ) အလှကုန်ပစ္စည်းအမျိုးမျိုး၊

(တ) တိရစ္ဆာန်ရောဂါကာကွယ်ဆေး၊ တိရစ္ဆာန်သုံးဆေးဝါးအမျိုးမျိုး၊

(ထ) တိရစ္ဆာန်အစာနှင့် ဖြည့်စွက်စာ၊

(ဒ) မျိုးစေ့များ ၊

(ဓ) စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး၊ မြေဩဇာ၊ ဟော်မုန်း၊ ပေါင်းသတ်ဆေးများ၊

(န) သန့်စင်ထားသည့် သတ္တုရိုင်းများ၊

(ပ) ကောက်ပဲသီးနှံနှင့် သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့် ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများ၊

(ဖ) သစ်အခြေခံ ပရိဘောဂပစ္စည်းများ။

၂။ မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အထက်ပါအဆင့်မြင့်ကုန်ချောပစ္စည်းအုပ်စု (၂၂) မျိုးအား ပြည်ပသို့တင်ပို့ရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်-

(က) ပစ္စည်းအုပ်စု "က" မှ "န" ထိ ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တည်ထောင်ထားသောကုမ္ပဏီမှ ပြည်တွင်းတွင်ကိုယ်တိုင်ထုတ်လုပ်၍လည်းကောင်း ၊ ပြည်တွင်းကုန်ပစ္စည်းကို တစ်ဆင့်ဝယ်ယူ၍လည်းကောင်း တစ်ဆင့်မြင့်ထုတ်လုပ်သော ကုန်ပစ္စည်းများသာ ဖြစ်ရမည်၊

(ခ) ပစ္စည်းအုပ်စု "ပ" နှင့် "ဖ" ပါ ကောက်ပဲသီးနှံနှင့် သစ်သီးဝလံကုန်ကြမ်းတို့မှ တစ်ဆင့်မြင့်ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများနှင့် သစ်အခြေခံပရိဘောဂပစ္စည်းများသည် ပြည်တွင်းတွင်နည်းပညာမြင့်စက်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော တန်ဖိုးမြင့်ပစ္စည်းများဖြစ်ရမည်၊

(ဂ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရာတွင်လည်းကောင်း ၊ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လည်းကောင်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) အဆိုပါထုတ်ကုန်များထုတ်လုပ်ခြင်းမှ တင်ပို့ခြင်းလုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ မြန်မာနိုင်ငံသားနှင့်ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ပြည်ပသို့ တင်ပို့ခွင့်ပြုမည့် ကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၃၇ / ၂၀၁၈ ( ၁၉ )

ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်